(ယခင်အပတ်မှအဆက်)



# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

မင်းဗလူး

## လူထုအဖွဲ့အစည်းများနှင့် ချိတ်ဆက်လက်တွဲထားရှိမှု

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် တစ်ခုအောက်မှာ လူထုအဖွဲ့အစည်းတွေဟာ မရှိမဖြစ်လိုအပ်တဲ့ ဇာတ်ကောင်သုံးဦးထဲက တစ်ဦးဖြစ်ပါတယ်။ အစိုးရ ၊ ပုဂ္ဂလိကကဏ္ဍ ၊ လူထုအဖွဲ့အစည်းတွေဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးကို တိုးမြှင့်ပေးနိုင်ပြီး အစိုးရအပေါ် ယုံကြည်စိတ်ချရမှုကို ဖြစ်စေပါတယ်။ ပြောင်းလဲခြင်း လုပ်ငန်းစဉ် တစ်ရပ်မှာ လူထုအဖွဲ့အစည်းဟာ အစိုးရရဲ့ စွမ်းဆောင်ချက်တွေအပေါ် မူဝါဒရေးရာ ဝေဖန်သုံးသပ်မှု၊ အကျိုးအကြောင်းဆင်ခြင်လေ့လာမှု နဲ့ စောင့်ကြည့်ကြီးကြပ်မှုတွေကို တက်ကြွစွာလုပ်နိုင်ပါတယ် ၊ အဲဒီလို ဆောင်ရွက်ရာမှာ အစိုးရဝန်ထမ်းများရဲ့ လုပ်ဆောင်ချက်နဲ့ အပြုအမူတွေကို စောင့်ကြည့်သုံးသပ်ခြင်းဟာလည်း အပါအဝင်ဖြစ်ပါတယ်။ လူထုအဖွဲ့အစည်းတွေဟာ လူမှုရေးလုပ်ငန်းအဖွဲ့အစည်းများ ထူထောင်ခြင်း ၊ လူထုက စိစစ်သုံးသပ်နိုင်စွမ်း၊ လူထုရဲ့ တန်ဖိုးထားမှု နဲ့ စံများဖော်ထုတ်ခြင်း တို့ကိုလည်း ဆောင်ရွက်နိုင်ပါတယ်။

လူထုအဖွဲ့အစည်းဟာ သီးခြား မဲဆန္ဒနယ်တွေမှာရှိတဲ့ အားနည်းသူတွေ ၊ လစ်လျူပြုထားခြင်းခံရသူတွေ နဲ့ လူနည်းစုတွေကို နိုင်ငံရေးနဲ့ အများပြည်သူရေးရာ မူဝါဒလုပ်ငန်းတွေမှာ ပါဝင်လာစေဖို့ နှိုးဆော်ပေးနိုင်ပါတယ်။ ဒါ့အပြင် မြို့ပေါ် နဲ့ ဝေးလံခေါင်းဖျားဒေသတွေမှာ ဆင်းရဲသူများ၊ ဒုက္ခတွေ့နေရသူများကို အမိုးအကာနဲ့ အခြေခံလူမှု ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း လုပ်ပေးနိုင်ပါတယ်။ ဒါ့ကြောင့် လူထုအဖွဲ့အစည်းများ နဲ့ နီးကပ်စွာ ဆက်ဆံမှု၊ ချိတ်ဆက်လက်တွဲ လုပ်ဆောင်မှုတို့ဟာ ယုံကြည်စိတ်ချရမှုကိုတိုးပွားစေပါတယ်။ ဒါပေမဲ့ လူထုအဖွဲ့အစည်း ရဲ့ ရည်ရွယ်ချက် နဲ့ အမျိုးအစားကလည်း အရေးကြီးပါတယ်။ လူထုအဖွဲ့အစည်းများရဲ့ တန်ဖိုးထားမှုများနဲ့ ထုံးဓလေ့များဟာ ယုံကြည်စိတ်ချရမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်အကျိုးပြုမှု စတဲ့ လူမှုအရင်း (Social Capital)ကိုလည်း တိုးပွားစေရန်ဖြစ်ပါတယ်။ အဲဒီလူမှုရေးအရင်းဟာဒီမိုကရေစီနဲ့ စီးပွားရေးကြီးပွားတိုးတက်မှုကို ဖြစ်စေတယ်လို့ဆိုကြပါတယ်။ တကယ်လို့ အဖွဲ့အစည်းတစ်ခုဟာ နိုင်ငံ ရဲ့ နိုင်ငံရေးစနစ်အပေါ် ယုံကြည်မှုလျော့နည်းလာလျှင်

တရားမဝင်တဲ့ နိုင်ငံရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်မှု ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါပေမဲ့ အစိုးရဟာ လူထုအဖွဲ့အစည်းများရဲ့ ဖိအားကို အပြုသဘော မှန်ကန်စွာ တုံ့ပြန်နိုင်ခဲ့လို့ရှိရင် ပြည်သူလူထုက အစိုးရ အပေါ်ယုံကြည် စိတ်ချရမှု တိုးတက်လာနိုင်ပါတယ်။

## တာဝန်ယူမှုနှင့် ထင်သာမြင်သာရှိမှုသည် အစိုးရအပေါ် ယုံကြည်မှုတိုးတက်စေသည်

တာဝန်ယူမှုရှိပြီး ထင်သာမြင်သာတဲ့ အုပ်ချုပ်ရေးအောက်မှာ အများပြည်သူတို့ဟာ မူဝါဒတွေကို သိရှိနေကြပါတယ်။ အဲဒီမူဝါဒတွေ အကောင်အထည်ဖော်ရာမှာ သူတို့ကိုယ်တိုင် ပါဝင်နိုင်ဖို့ အခွင့်အရေးပိုရကြပါတယ်။ အစိုးရ နဲ့ ပုဂ္ဂလိက ကဏ္ဍမှာရှိနေတဲ့ အရင်းအမြစ်တွေကိုလည်း သူ့နေရာ နဲ့ သူ ထိရောက်စွာ အသုံးချပေးနိုင်ပါတယ်။ အကျင့်ပျက်ခြစားမှု နဲ့ ကျင့်စဉ်မညီတဲ့ လုပ်ဆောင်မှုတွေကို အနည်းဆုံးဖြစ်စေပါတယ်။ တည်ငြိမ်မှု နဲ့ အများ သဘောထား ညီညွတ်မှုကို တိုးတက်စေပါတယ်။ ဒီအချက်တွေဟာ အစိုးရ နဲ့ ပြည်သူလူထုအကြားမှာရှိရမယ့် ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာမှာ လွယ်ကူချောမွေ့စေပါတယ်။

အကျင့်ပျက်ခြစားမှု နဲ့တာဝန်ယူမှုမရှိခြင်းဟာ နိုင်ငံရေးလုပ်ငန်းစဉ်နဲ့ ယင်း၏ရလဒ်ကို ထိခိုက်စေပါတယ်။ အကျင့်ပျက်ခြစားခြင်းဟာ လုပ်ထုံးလုပ်နည်းအမှန်ကို လမ်းလွဲစေပါတယ်။ သင့်လျော်တဲ့ မူဝါဒလုပ်ငန်းစဉ် ချမှတ်ခြင်း နဲ့ အကောင်အထည်ဖော်ခြင်း တို့ကို ကန့်သတ်စေပါတယ်။ နိုင်ငံရေးအဆောက်အအုံများ ဖြစ်ကြတဲ့ တရားစီရင်ရေး၊ လွှတ်တော်နဲ့ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဌာနတွေကို အားနည်းစေပါတယ်။ အားလုံးပေါင်းလိုက်တဲ့အခါ အစိုးရအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချမှု ဆုံးရှုံးခြင်းဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုက ပြန့်နှံ့နေပြီး၊ အစိုးရ ရဲ့ တာဝန်ယူမှုနဲ့ ထင်သာမြင်သာရှိမှု ယန္တရားက မထိရောက်လျှင် အစိုးရအပေါ် ပြည်သူလူထုရဲ့ ယုံကြည်မှုက အနုတ်လက္ခဏာ ဖြစ်သွားမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများက အကျင့်ပျက်ခြစားနေပြီး ပြည်သူလူထုရဲ့ သဘောထားအပေါ် မှန်ကန်စွာတုံ့ပြန်မှု မရှိကြလျှင်လည်း အများပြည်သူတို့ရဲ့ မယုံကြည်မှု နဲ့ အဆိုးမြင်မှုကို ကြီးထွားလာစေမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးမှာ အကျင့်ပျက်ခြစားမှုဟာ တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှု ရရှိရေးတို့ကို အယုံအကြည် ကင်းမဲ့လာစေနိုင်ပါတယ်။

အကျင့်ပျက်ခြစားမှု အလွန်အမင်းတိုးပွားလာပြီး တရားဥပဒေစိုးမိုးရေးကို လစ်လျူရှုခြင်း၊ ခံလာရတဲ့ အခါ ပြည်သူလူထုဟာ တစ်ဦးကို တစ်ဦး မယုံမကြည်ဖြစ်လာကြပြီး အဲဒီကမှ တဆင့် အချင်းချင်း လူမှုရေးမကောင်းသတင်း ဖြန့်မှုအထိ ဖြစ်လာနိုင်ပါတယ်။ ဒီလိုနဲ့ လူ့အဖွဲ့ အစည်းတစ်ခုလုံး အပေါ် မယုံကြည်စိတ်မချရမှုတွေ တိုးပွားလာပါမယ်။ ဒါ့ကြောင့် အများ ပြည်သူဆိုင်ရာ ဝန်ထမ်းတွေဟာ တရားမျှတပြီး ကောင်းမွန်တဲ့ အမူအကျင့်ရှိဖို့ အထူးလိုအပ် ပါတယ်။ အထူးသဖြင့် ရဲတို့ တရားစွဲအဖွဲ့အစည်းတို့ အစရှိတဲ့ တရားဥပဒေကို ကြပ်မတ်ပေးရတဲ့ ပုဂ္ဂိုလ်များရဲ့ လုပ်ဆောင်ချက်များဟာ လူမှုရေး ယုံကြည်စိတ်ချရမှု အပေါ်များစွာ အကျိုး သက်ရောက်မှု ဖြစ်ပေါ်စေပါတယ်။

**ပဋိပက္ခစီမံခန့်ခွဲမှု၊ ပါဝင်စေခြင်း နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် ပြန်လည်ထူထောင်မှု**

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့မှာ ပဋိပက္ခအခြေအနေ တစ်ရပ်ပေါ်ထွက်လာခြင်းဟာ အချိန်ကာလ အတန်ကြာအောင် ယုံကြည်စိတ်ချရမှု တဖြည်းဖြည်းချင်း ပျက်စီးလာခဲ့ခြင်းရဲ့ သက်သေခံ ရလဒ်ဖြစ်တယ်လို့ ရှုမြင်သင့်ပါတယ်။ ပြည်သူလူထုအတွင်း လူမှုရေးယုံကြည် စိတ်ချရမှု ဆုံးရှုံးခြင်းဟာ အားလုံးအတွက် အပြန်အလှန်အကျိုး ကျေးဇူးဖြစ်စေမယ့် ရည်မှန်းချက် များကိုထိခိုက်စေပါတယ်။ ဒါ့အပြင် ပြည်သူလူထု တစ်ရပ်လုံးရဲ့ ကိုယ်စိတ် နှလုံး ချမ်းသာမှု ကိုလည်း ဆိုးဝါးစွာနစ်နာ ပျက်စီးစေပါတယ်။

အကျပ်အတည်း ဖြစ်နေစဉ်ကာလနဲ့ အကျပ်အတည်းလွန် ကာလတို့မှာ အုပ်ချုပ်ရေး ပြန်လည်ထူထောင်ဖို့ နဲ့ အစိုးရအပေါ် ယုံကြည်မှုပြန်လည် တည်ဆောက်ရေးတို့ဟာ နိုင်ငံ အလိုက် မတူညီနိုင်ကြပါဘူး။ အကြောင်းတရားများစွာ အပေါ်မူတည်နိုင်ပါတယ်။ ပထမ အချက်မှာ အကျပ်အတည်းဖြစ်တဲ့ နိုင်ငံမှာ ကိုယ်ပိုင်သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နိုင်ငံရေး အစဉ်အလာနဲ့ ဘေးရန်များမှ ပြန်လည်ထူထောင်နိုင်တဲ့ စွမ်းရည်သီးခြားစီ ရှိနေကြ ပါတယ်။ ဒါ့ကြောင့် ပြန်လည် ထူထောင်ရေးကို နိုင်ငံအလိုက်သီးခြားစီ ဖြေရှင်းကြရမှာဖြစ်ပါတယ်။ အခြေအနေအပေါ် မူတည်ပြီး အလျှော့အတင်း ပြုလုပ်ရတဲ့ လုပ်ငန်းစဉ်များနဲ့လည်း ယုံကြည်မှုကို ပြန်လည် အကောင်အထည် ဖော်ကြရပါတယ်။

ဒုတိယအချက်မှာ အုပ်ချုပ်ရေးအပိုင်းအပေါ် ယုံကြည်စိတ်ချရမှု ပြန်လည် တည်ဆောက် ရာမှာ အဲဒီအရေးကြီးတဲ့ လုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်တဲ့ လူသားစွမ်းရည်ရှိနေရမှာဖြစ်ပါတယ်။

နိုင်ငံအတွင်းလုံခြုံရေး နဲ့ ဘေးကင်းမှုရှိစေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နဲ့ ညီညွတ်တဲ့ အစိုးရကို အားကောင်းစေခြင်း၊ အပေါ်ထပ် အဆောက်အအုံပြန်လည် တည်ဆောက်ခြင်းနဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေ ပြန်လည်လည်ပတ်စေခြင်း၊ စီးပွားရေးကို တည်ငြိမ်စေပြီး ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တရားစီရင်မှုကို အားကောင်းခိုင်မာစေခြင်းနဲ့ အဖွဲ့အစည်းအများစုနဲ့ ပြန်လည်ရင်ကြားစေ့စေခြင်း တို့လိုအပ်ပါတယ်။

တတိယအချက်အနေ နဲ့ အစိုးရဟာ ပုဂ္ဂလိက နဲ့ လက်တွဲပြီး ပုဂ္ဂလိကကဏ္ဍရဲ့ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ နည်းပညာနဲ့ အသိပညာ အရင်းအမြစ်တွေကို အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေ အတွက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရပါမယ်။ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းများ နဲ့ လူထုအဖွဲ့အစည်းများဟာ ဆင်းရဲနွမ်းပါးသူများ၊ ဝေးလံခေါင်ဖျား ဒေသများနဲ့ တင်းမာနေတဲ့ ဒေသများကို အစိုးရက ပေးအပ်ရမယ့် ဝန်ဆောင်မှုတွေကို ရောက်ရှိ စေဖို့ ဆောင်ရွက်ပေးနိုင်ပါတယ်။

စတုတ္ထအချက်ကတော့ ယုံကြည်စိတ်ချရမှု ပြန်လည်တည်ဆောက်ခြင်း ဖြစ်ပါတယ်။ ပဋိပက္ခအတွင်း ကွဲပြားနေခဲ့တဲ့ အသိုက်အဝန်းများကို လူမှုအခြေပြု အထောက်အကူအဖွဲ့များ ရောက်ရှိစေဖို့ ဆောင်ရွက်ပေးရမယ့် ယန္တရားဟာ မရှိမဖြစ် လိုအပ်ပါတယ်။ လူမှုအသိုက် အဝန်းများ အတွင်း ဆွေးနွေးပြောဆိုကြစေခြင်း၊ လူမှုအဖွဲ့အစည်းများနဲ့ ထိတွေ့မှုလှုပ်ရှား တိုးမြှင့်ခြင်း နဲ့ အခြေခံ လူမှုဝန်ဆောင်မှု လုပ်ငန်းတာဝန်များ တိုးမြှင့် ပေးအပ်ခြင်းတို့ မလွဲဧကန် လိုအပ်မှာဖြစ် ပါတယ်။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)